FULLER
THEOLOGICAL SEMINARY

Fuller Theological Seminary သည် ဒေသန္တရအသင်းတော်များ၏ ခေါင်းဆောင်များလည်းကောင်း၊ ၎င်းတို့၏ ပုံနှိပ်ထုတ်ဝေခြင်းလုပ်ငန်းဖြစ်သော Living Stream Ministry (LSM)နှင့်လည်းကောင်း နှစ်နှစ် လုံးလုံးကျယ်ကျယ်ပြန့်ပြန့်ပြောဆိုဆွေးနွေးခဲ့သည်မှာ မကြာခင်ကပဲ ပြီးစီးခဲ့ပါသည်။ ထိုအချိန်ကာလများ၌ Fuller သည် Living Stream Ministry (LSM)မှ ပုံနှိပ်ထုတ်ဝေခဲ့သော Witness Lee နှင့် Watchmann Nee တို့၏ ရေးသားချက်များအပေါ် တွင် အထူးအလေးထားသည့် ဒေသန္တရအသင်းတော်များ၏ အဓိကသွန်သင်ခြင်းများနှင့် ကျင့်သုံးလုပ်ဆောင်ချက်များကို အကုန်အစင် လေ့လာစစ်ဆေးမှုပြုလုပ်ခဲ့ပါသည်။ ယခုလုပ်ငန်းစဉ်မှာ ဤအဖွဲ့၏ အသင်းတော်များနှင့်ပတ်သက်၍ မကြာခဏမေးမြန်းလျက်ရှိသောမေးခွန်းနှင့် ပြစ်တင်စွပ်စွဲပြောဆိုမှုများကို တာဝန်ယူကာ ကြိုးစားဖြေကြား၍ ထိုပုဂ္ဂိုလ်နှစ်ဦး၏ သွန်သင်ခြင်းများ၊ ကျင့်သုံးလုပ်ဆောင်ချက်များနှင့် ဒေသန္တရအသင်းတော်များမှာ စစ်မှန်သောခရစ်ယာန်ဖြစ်ကြောင်းကို သမိုင်းဆိုင်ရာအလင်း၌ ညွှန်ပြလိုပါသည်။ ထိုသို့ပြောဆိုဆွေးနွေးခဲ့ရာ၌ Fuller ဘက်မှ Dr. Richard Mouw, President and Professor of Christian Philosophy; Dr. Howard Loewen, Dean of the School of Theology and Professor of Theology and Ethics; and Dr. Veli-Matti Karkkainen, Professor of Systematic Theology စသည့်ပုဂ္ဂိုလ်များပါဝင်တက်ရောက်ခဲ့ပါသည်။ ဒေသန္တရအသင်းတော်များကိုယ်စား Minoru Chen, Abraham Ho နှင့် Dan Towle၊ LSM ကိုယ်စား Ron Kangas, Benson Phillips, Chris Wilde နှင့် Andrew Yu တို့ပါဝင်တက်ရောက်ခဲ့ပါသည်။

Fuller Theological Seminary အနေဖြင့် ဒေသန္တရအသင်းတော်များ၏ သွန်သင်ခြင်းများ၊ ကျင့်သုံးလုပ်ဆောင်ချက်များနှင့် ၎င်း၏ အသင်းသားများမှာ စစ်မှန်၍၊ သမိုင်းဆိုင်ရာဖြစ်ကာ အနှစ်သာရဆိုင်ရာပုံပန်းသဏ္ဌာန်တိုင်း၌ သမ္မာကျမ်းစာဆိုင်ရာခရစ်ယာန်ယုံကြည်ခြင်းကို ကိုယ်စားပြုကြောင်း အဆုံးသတ်နိဂုံးချုပ်ပါသည်။ Fuller အနေဖြင့် ဦးစွာရင်ဆိုင်ရသောလုပ်ငန်းစဉ်မှာ ဝေဖန်ပြောဆိုသူများအားဖြင့် တင်ပြသောအမှုတော်ဆိုင်ရာဖော်ပြမှုသည် အမှုတော်၏ သွန်သင်ခြင်းများကို မှန်ကန်တိကျစွာရောင်ပြန်ဟပ်ခြင်းရှိမရှိကို ဆုံးဖြတ်ရန်ဖြစ်သည်။ ဤအချက်၌ Watchmann Neeနှင့် Witness Lee တို့၏ သွန်သင်ခြင်းများနှင့်စပ်လျဉ်း၍ တစ်စုံတစ်ခုသောအဝန်းအဝိုင်းအပိုင်းအစများကိုသာ သိမြင်ခဲ့သောသူများ၏ ဖန်တီးလုံ့ဆော်ရေးသားချက်များမှာ အမှန်တကယ် တွေ့ရသည့် သွန်သင်ခြင်းများအကြား ကြီးစွာသောခြားနားကွာဟချက်ကို မြင်တွေ့ရပါသည်။ အထူးသဖြင့် Witness Lee ၏ သွန်သင်ခြင်းများကို လွဲမှားကြမ်းတမ်းစွာ ဖော်ပြပြောဆိုခဲ့ကြသောကြောင့် ခရစ်ယာန်အသိုင်းအဝိုင်း၌ မကြာခဏပင် နားလည်မှုလွဲမှားနေကြ၍၊ အထူးသဖြင့် မိမိတို့ကိုယ်ကို ဧဝံဂေလိသမားများအဖြစ် ခံယူသတ်မှတ်ထား သောသူများအလယ်တွင် နားလည်မှုလွဲမှားစွာခံယူထားကြသည်။ သမ္မာကျမ်းစာအလင်းနှင့် အသင်းတော်သမိုင်း၌ မျှတစွာစစ်ဆေးမှုပြုသောအခါ၊ မေးခွန်း၌ရှိသော သွန်သင်ခြင်းအမှန်များမှာ သမ္မာကျမ်းစာဆိုင်ရာပုံဆောင်ချက်ဖြစ်၍၊ သမိုင်းဆိုင်ရာအရလည်း မှန်ကန်ကြောင်းကို အပြောင်းအလဲမရှိ ကျွန်ုပ်တို့ရှာဖွေတွေ့ရှိရသည်။ သို့ဖြစ်၍ သူတို့သည် ခရစ်တော်၏ ကိုယ်ခန္ဓာတော်တစ်ခုလုံးကို ဂရုစိုက်၍ စဉ်းစားကြကြောင်းကို ကျွန်ုပ်တို့ယုံကြည်သည်။

ကျွန်ုပ်တို့ တွေ့ကြုံခဲ့ရသော ဖြစ်စဉ်ကို နားလည်ခြင်း၌ အရေးကြီးသောမှတ်ချက်တစ်ခုမှာ အစကတည်းကပင် စစ်မှန်သော ခရစ်ယာန်ယုံကြည်သူများအားလုံးက လိုက်နာသော စစ်မှန်သည့် ခရစ်ယာန်ယုံကြည်ခြင်း၏ အခြေခံကျသောဒြပ်သဘာဝအပေါ် ဤအသင်းတော်များက ရပ်တည်၍ အထူးဂရုပြုဆောင်ရွက်ခဲ့ခြင်းပင် ဖြစ်သည်။ ယုံကြည်ခြင်း၏ အခြေခံသက်ဝင်ယုံကြည်မှု အပေါ် သဘောတူညီမှုကို ရှင်းလင်းစွာတည်ဆောက်နိုင်ပြီဆိုလျှင်၊ အခြေခံမကျသော သွန်သင်ချက်များနှင့် စပ်လျဉ်း၍ နောက်ဆက်တွဲ ဝေဖန်ဆွေးနွေးသုံးသပ်ချက်များကို ယုံကြည်သူများ မိတ်သဟာယအဝန်းအဝိုင်းအတွင်း မှန်ကန်စွာ ဖော်ပြနိုင်မည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။ ဤသို့သော ဆုံးဖြတ်ချက်ကို သူတို့၏ စာအုပ်စာပေများကို ဖတ်ရှုခြင်းအားဖြင့်သော်လည်းကောင်း၊ ဤအသင်းတော်များ၊ ဤအမှုတော်၏ ကိုယ်စားလှယ်များနှင့် Fuller အကြား ငါးကြိမ်တိုင်တိုင် မျက်နှာချင်းဆိုင်၍ ဆွေးနွေးမိတ်သဟာယဖွဲ့ခြင်းအားဖြင့်သော်လည်းကောင်း ချမှတ်နိုင်ခဲ့ခြင်းဖြစ်သည်။ ဘုရားသခင်၊ သုံးပါးတစ်ပါးဖြစ်ခြင်း၊ ခရစ်တော်၏ ပုဂ္ဂိုလ်တော်နှင့် အလုပ်၊ သမ္မာကျမ်းစာ၊ ကယ်တင်ခြင်း၊ အသင်းတော်၏ တစ်လုံးတစ်ဝဖြစ်ခြင်းနှင့် ပေါင်းစည်းခြင်း၊ ခရစ်တော်၏ ကိုယ်ခန္ဓာတော် စသည်တို့နှင့်စပ်လျဉ်း၍ သူတို့၏ သွန်သင်ခြင်းနှင့် သက်သေခံချက်ကို ကြည့်မည်ဆိုလျှင် ကနဦးခရစ်ယာန်ယုံကြည်မှု အတိအကျပင် ဖြစ်ကြောင်းကို ကျွန်ုပ်တို့တွေ့ရသည်။ ထို့အပြင် သူတို့၏ ထုတ်ဖော်ပြောဆိုချက်မှာ ဖွဲ့စည်းမှုပုံစံ၌ မဟုတ်သော်လည်း သူတို့၏

ယုံကြည်ခြင်းကို ထုတ်ဖော်ပြောဆိုချက်မှာ အဓိကကျသော ခရစ်ယာန်ဩဝါဒနှင့် ကိုက်ညီမှုရှိသည်ကို ကျွန်ုပ်တို့မြင်တွေ့ရပါသည်။ ထို့အပြင် ကျွန်ုပ်တို့အတိအကျ ပြောနိုင်သည်မှာ အစွန်းရောက်ခြင်း အပြုအမူ သို့မဟုတ် အစွန်းရောက်ခြင်းကဲ့သို့ ယူဆနိုင်သော အထောက်အထားများကို Living Stream Ministry ၏ ပုံနှိပ်ထုတ်ဝေခြင်းများ၌ တင်ဆက်ထားသော သွန်သင်ခြင်းများကို စောင့်ထိန်းသည့် အမှုတော်၏ဦးဆောင်သူများ သို့မဟုတ် ဒေသန္တရ အသင်းတော်များ၏ အသင်းဝင်များအကြား မတွေ့ရှိရပါ။ အကျိုးဆက်အနေဖြင့် ကျွန်ုပ်တို့သည် သူတို့ကို စစ်မှန်သော ယုံကြည်သူများနှင့် ခရစ်တော်ကိုယ်ခန္ဓာတော်၏ အင်္ဂါဝင်ချင်းများအဖြစ် အလွယ်တကူနှင့် စိတ်ချလက်ချ လက်ခံနိုင်ပြီး၊ ခရစ်ယာန်ယုံကြည်သူများ အားလုံးသည်လည်း ထိုနည်းတူပင် မိတ်သဟာယဖွဲ့သော လက်ယာလက်ကို ကမ်းလှမ်းနိုင်ပါမည်အကြောင်း ပွင့်ပွင့်လင်းလင်း ထောက်ခံအပ်ပါသည်။

ကျွန်ုပ်တို့အတူတကွ အချိန်ယူခဲ့ခြင်းကို ရိုးသားမှုရှိခြင်း၊ ပွင့်လင်းမှုရှိခြင်းနှင့် ကန့်သတ်ချုပ်ချယ်မှုမရှိသော ဝေဖန်ဆွေးနွေးခြင်းဟူ၍ ခွဲခြားဖော်ပြနိုင်သည်။ ကျွန်ုပ်တို့ Fuller က အထူးစိတ်ဝင်စား၍ ချဉ်းကပ်ခဲ့သော အကြောင်းအရာ အချို့ရှိပါသည်။ ယင်းတို့မှာ သုံးပါးတစ်ပါးဖြစ်ခြင်း၊ ဘုရားဇာတိနှင့် လူသားဇာတိ ရောနှောပေါင်းစည်းခြင်း၊ ဘုရားလူဖြစ်လာခြင်း၊ ဘုရားတစ်ပါးတည်းရှိခြင်း အယူဝါဒ၊ “ဒေသန္တရ”အသင်းတော်ကို သူတို့၏ အနက်ဖွင့်ဆိုခြင်းနှင့် လက်တွေ့လုပ်ဆောင်ခြင်း၊ ခရစ်တော်၏ ဘုရားဇာတိနှင့် လူသားဇာတိ၊ သူတို့၏စည်းဝေးခြင်းအပြင်ဘက်တွင်ရှိသော ယုံကြည်သူများအပေါ် သူတို့၏ စိတ်နေသဘောထား စသည်တို့ပါဝင်ပါသည်။ ကျွန်ုပ်တို့အား ဤအပိုင်းများအားလုံးကို အကန့်အသတ်မရှိဘဲ လွတ်လပ်စွာ လေ့လာစေခဲ့ပါသည်။ ဖြစ်ရပ်တိုင်း၌ အများစု၏ သဘောထားမှာ အမှန်တကယ် ပုံနှိပ်ထုတ်ဝေထားသော သွန်သင်ချက်များနှင့် သော်လည်းကောင်း၊ ဒေသန္တရ အသင်းတော်များရှိ ယုံကြည်သူများ၏ ယုံကြည်ချက်နှင့်လည်းကောင်း၊ လက်တွေ့လုပ်ဆောင်မှုတို့နှင့်လည်းကောင်း လွန်စွာ ခြားနားလျက် ရှိနေသည်ကို ကျွန်ုပ်တို့ တွေ့မြင်ရပါသည်။

ဤကြေငြာချက်သည် ကျွန်ုပ်တို့ ပါဝင်ဆွေးနွေးခဲ့သောအရာနှင့် ကျွန်ုပ်တို့၏ ခြုံငုံသုံးသပ်ချက်ဖြစ်စဉ်၏ ယေဘုယျအကျဉ်းချုပ်ကို စိတ်ဝင်စားသောသူများအဖို့ ရည်ရွယ်၍ ထုတ်ပြန်ခြင်းဖြစ်ပါသည်။ ဤကြေငြာချက် အကျဉ်းချုပ်ကို အထက်တွင် ဖော်ပြခဲ့သောအချက်များနှင့် အခြားအရေးကြီးသော သီဩလော်ဂျီဆိုင်ရာအချက်များကို လာမည့်လတွင် ပို၍အသေးစိတ်ကျစွာ စာစောင်အဖြစ် ပြန်လည်ထုတ်ဝေမည်ဖြစ်ပါသည်။ ဒေသန္တရအသင်းတော်များနှင့် Living Stream Ministry ၏ ကိုယ်စားလှယ်များသည်လည်း သူတို့နှင့်စပ်လျဉ်းသည့် အရေးကြီးသော အကြောင်းအရာများအပေါ် သူတို့၏သွန်သင်ချက်များကို ကောက်နုတ်ချက်အကျဉ်းချုပ်အဖြစ် ကြေငြာချက်ထုတ်ပြန်ရေးသားမည်အကြောင်းကို သဘောတူညီကြပါသည်။ Fuller ၏ သုံးသပ်ချက်များကိုလည်း အရေးပါသောရှာဖွေစစ်ဆေးခြင်းများနှင့် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ပြီးနောက် သူတို့ကို ကျွန်ုပ်တို့ နားလည်သဘောပေါက်ခြင်း ရှိလာသည်နှင့်အမျှ သူတို့၏ သွန်သင်ချက်များ၌ ထည့်သွင်းဖော်ပြမည် ဖြစ်ပါသည်။

ရက်စွဲ။ ။ ဇန်နဝါရီလ (၅) ရက်၊ ၂၀၀၆။